ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ် ၊ မဗဘ/ဘဏ်စိစစ်/ထွေ( ၂၇/၂၀၁၅ )

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

**အမှာစာ**

အကြောင်းအရာ။ **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်ထုတ်ပြန်ခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်" အား ၂၇-၁-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲရန်အတွက် ထိရောက်သော မူဘောင်နှင့်လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ဤလမ်းညွှန်ချက်အားကိုးကား၍ လိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားပါသည်။

ဒုတိယဥက္ကဋ္ဌ(ကိုယ်စား)
(မေတိုးဝင်း၊ ညွှန်ကြားရေးမှူး)

**နိုင်ငံပိုင်ဘဏ်များအားလုံး**

**ပုဂ္ဂလိကဘဏ်များအားလုံး**

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်

(၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်)

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

**နိဒါန်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ၎င်းတို့၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲရန်အတွက် ထိရောက်သော မူဘောင်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဤလမ်းညွှန်ချက်ကို ထုတ်ပြန်လိုက်သည်။ ကျရောက်နိုင်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲခြင်းသည် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးခြင်းအတွက် ဘာဆယ်ကော်မတီ၏ အဓိကမူဝါဒ စည်းမျဉ်းများနှင့် ငွေရေးကြေးရေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက် ၄၀ တို့အရ ဘဏ်များလိုက်နာဆောင်ရွက်ရမည့် လိုအပ်ချက်ဖြစ်သည်။

၂။ ဘာဆယ်ကော်မတီ၏ အဓိကမူဝါဒစည်းမျဉ်းအမှတ် ၁၅ အရ ဘဏ်များတွင် အရေးကြီးသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အားလုံးကို အချိန်နှင့်တစ်ပြေးညီ အမျိုးအစားခွဲခြားခြင်း၊ နည်းလမ်းရှာဖွေခြင်း/တိုင်းတာခြင်း၊ အကဲဖြတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်း၊ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ကြီးမားသည့်ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဖြစ်ပေါ်မှုကို လျော့ပါးစေရန် ဒါရိုက်တာအဖွဲ့နှင့် အဆင့်မြင့်စီမံခန့်ခွဲသူများ၏ ကြီးကြပ်စစ်ဆေးမှုအပါအဝင် ထိရောက်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ်ရှိရမည်။

၃။ ထို့အပြင် ဘာဆယ်ကော်မတီ၏ အဓိကမူဝါဒစည်းမျဉ်းအမှတ် ၂၉ အရ ပြစ်မှုဆိုင်ရာ ဆောင်ရွက်ချက်များအတွက် ရည်ရွယ်၍ဖြစ်စေ၊ ရည်ရွယ်ခြင်းမရှိဘဲဖြစ်စေ ဘဏ်များအား အသုံးပြုခြင်းမှကာကွယ်ရန်နှင့် ငွေရေးကြေးရေးကဏ္ဍတွင် ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စံနှုန်းများကိုမြှင့်တင်ရန်အတွက် ဆက်သွယ်ဆောင်ရွက်သူ၏ အချက်အလက်များကို အလေးထားစိစစ်ခြင်းအပါအဝင် လုံလောက်သည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ဘဏ်များက ချမှတ်ထားရမည်။

၄။ ၂၀၁၂ ခုနှစ်တွင် FATF က ပြုပြင်၍ ထုတ်ပြန်ခဲ့သည့် ပြုပြင်ပြီးအကြံပြုချက် ၄၀ ၏ အကြံပြုချက် ၁ တွင် နိုင်ငံအဆင့်အတိုင်းအတာဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (ML/TF)ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို သတ်မှတ်ဖော်ထုတ်ရန်၊ အကဲဖြတ်ရန်နှင့် အထူးဆုံးရှုံးနိုင်ခြေအန္တရာယ်များကို သိနားလည်ထားရန်တို့ကို နိုင်ငံများက ဆောင်ရွက်ရန် လိုကြောင်း သတ်မှတ်ဖော်ပြထားပါသည်။ ထို့အပြင် ဘဏ်များကလည်း ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာနိုင်သည့် အဆိုပါဆုံးရှုံးနိုင်ခြေအန္တရာယ်များကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်းနှင့် ကျရောက်နိုင်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့ပါးစေရန် လိုအပ်သည့်နည်းလမ်းများ ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်။ အဆိုပါဆုံးရှုံးနိုင်ခြေအန္တရာယ်များ စိစစ်အကဲဖြတ်ခြင်းနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြည့်ရှုစစ်ဆေးရန်တောင်းခံသည့်အခါ လွယ်ကူစွာရရှိနိုင်စေရန် အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်ထိန်းသိမ်းထားရှိရမည်။

## ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များ

၅။ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတ်မှတ်ဖော်ထုတ်ခြင်း

(ခ) တိုင်းတာစစ်ဆေးခြင်း

(ဂ) ထိန်းချုပ်ကွပ်ကဲခြင်း

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်း

(င) လျော့ပါးအောင်ပြုခြင်း

## သတ်မှတ်ဖော်ထုတ်ခြင်း

၆။ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်၏ ပထမအဆင့်မှာ သတ်မှတ်ဖော်ထုတ်ခြင်းဖြစ်သည်။ ဘဏ်များအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ တစ်နည်းနည်းဖြင့် ပေါ်ပေါက်နိုင်ကြောင်းနှင့် အဆိုပါဆုံးရှုံးနိုင်ခြေအန္တရာယ်များသည် အောက်ပါဇစ်မြစ်များမှ ဖြစ်ပေါ်လာနိုင်ကြောင်း အမြဲသတိပြုသိရှိရမည်-

(က) ဆက်သွယ်ဆောင်ရွက်သူများ၊

(ခ) ဝန်ဆောင်မှုနှင့် ဆောင်ရွက်ချက်များ၊

(ဂ) ဝန်ဆောင်မှုပေးသည့် လမ်းကြောင်း၊

(ဃ) ပထဝီဒေသအနေအထားနှင့် ဈေးကွက်အခြေအနေ၊

သို့ဖြစ်၍ ဘဏ်များသည် အဆိုပါဇစ်မြစ်တစ်ခုချင်းစီမှ ပေါ်ပေါက်လာသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေအန္တရာယ်အမျိုးအစားကို သတ်မှတ်ဖော်ထုတ်နိုင်စွမ်းရှိရမည်။

၇။ ဘဏ်များအနေဖြင့် မြန်မာနိုင်ငံ၌ ယေဘုယျအားဖြင့်ဖြစ်ပေါ်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆုံးရှုံးနိုင်ခြေအန္တရာယ်များကိုသိရှိပြီး နိုင်ငံအဆင့် လုပ်ငန်းစဉ်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် ဆက်စပ်ဖြစ်ပေါ်နိုင်သော ခြိမ်းခြောက်မှုအန္တရာယ်များ(threats) နှင့် ထိခိုက်လွယ်မှုများ(vulnerabilities) ကို သတ်မှတ်ဖော်ထုတ်ရန်လိုအပ်ပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု အန္တရာယ်သည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တွေ့ကြုံနေရသည့် ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်နိုင်သည့် ယေဘုယျအခြေအနေဖြစ်ပြီး ထိခိုက်လွယ်မှုများကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်များသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး ၊ စီးပွားရေး ၊ လူမှုရေး ၊ နည်းပညာ ၊ ပတ်ဝန်းကျင်နှင့် ဥပဒေစနစ် ထိရောက်ခိုင်မာမှုတို့နှင့် ယေဘုယျအားဖြင့် ဆက်စပ်ဖြစ်ပေါ်သော အကြောင်းအချက်များဖြစ်ပါ သည်။

**တိုင်းတာစစ်ဆေးခြင်း**

၈။ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သတ်မှတ်ဖော်ထုတ်ခြင်း သို့မဟုတ် အသိအမှတ်ပြုခြင်းသည် ထိရောက်မှုရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်များ မည်သို့ရှိနေသည်ကိုတိုင်းတာခြင်းမှာ ဒုတိယအဆင့်ဖြစ်ပါသည်။ ဒုတိယအဆင့်သည်လည်း ပထမအဆင့်ကဲ့သို့ တန်းတူအရေးကြီးပါသည်။ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ထိရောက်စွာ တိုင်းတာစစ်ဆေးခြင်းမရှိလျှင် ဘဏ်တစ်ခုတွင်ဖြစ်ပေါ်နိုင်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့် ၎င်း၏အကြောင်းရင်းဇစ်မြစ် သို့မဟုတ် အမျိုးအစားများကို မသိရှိနိုင်သဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကြိုတင်စိစစ်အကဲဖြတ်ရန် ခက်ခဲပါသည်။ သို့ဖြစ်ရာ ဘဏ်များအနေဖြင့် ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အမျိုးအစားတစ်ခုချင်း၏ ဖြစ်ပေါ်ပြောင်းလဲမှုနှင့် အဆိုပါဆုံးရှုံးနိုင်ခြေအန္တရာယ်သည် အချိန်ကာလမည်မျှကြာအောင် ဖြစ်ပေါ်နေမည်တို့ကို စိစစ်အကဲဖြတ်နိုင်မည့် နည်းပညာများနှင့် မဟာဗျူဟာများချမှတ်ဆောင်ရွက်ထားရမည်။ ဥပမာအားဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် မြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူဟုယူဆပါက ဆောင်ရွက်ပေးသည့် လုပ်ငန်းဝန်ဆောင်မှု အမျိုးအစားများ၊ ဆောင်ရွက်ပေးသည့် လုပ်ငန်းပမာဏ၊ အဆိုပါ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်မားသည့် ဆက်သွယ်ဆောင်ရွက်သူ အရေအတွက်မည်မျှရှိကြောင်းကို အချိန်နှင့်တစ်ပြေးညီသိရှိစေရန် ဆောင်ရွက်ရမည်။

### ထိန်းချုပ်ကွပ်ကဲခြင်း

၉။ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် တိုင်းတာစစ်ဆေးခြင်းပြုပြီးနောက် ဘဏ်များအနေဖြင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့ပါးအောင်ဆောင်ရွက်နိုင်မည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရမည်။ ဤအဆင့်တွင် ချမှတ်သည့်မူဝါဒများသည် ဘဏ်၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ဖြစ်တည်မှုနှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများပါဝင်ရမည်။ ဆုံးရှုံးနိုင်ခြေအန္တရာယ် ထိန်းချုပ်ကွပ်ကဲမှု မူဘောင်တွင် အရေးကြီးသောအချက်မှာ လုပ်ပိုင်ခွင့်၊ သတင်းပေးပို့ခြင်းနှင့် လုပ်ငန်းတာဝန်တို့ကို ရှင်းလင်းစွာသတ်မှတ်ခွဲခြားရန် လိုအပ်ခြင်းဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေအန္တရာယ်အား ထိရောက်စွာထိန်းချုပ်ခြင်းသည် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို အသုံးပြုနိုင်သည့် ဘဏ်၏စွမ်းဆောင်ရည်နှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုတွင် ပါဝင်သက်ဆိုင်သည့် ဝန်ထမ်းများနှင့် လုပ်ငန်းဌာနများ အကန့်အသတ်တို့အပေါ် မူတည်နေသည်။

### စောင့်ကြပ်ကြည့်ရှုခြင်း

၁၀။ ဘဏ်များသည် ၎င်းတို့တွင် ဖြစ်ပေါ်တည်ရှိနေသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုရန်နှင့် အဆိုပါဆုံးရှုံးနိုင်ခြေအန္တရာယ်များ စီမံခန့်ခွဲသည့်နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများ ထိရောက်စွာ တည်ထောင်ထားရှိရန်လိုအပ်သကဲ့သို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ဖြစ်ပေါ်နိုင်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်အပြောင်းအလဲများကို သိရှိတိုင်းတာနိုင်သည့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Management Information Systems-MIS) များ ထားရှိရပါမည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များနှင့်စပ်လျဉ်း၍ MIS ကဲ့သို့သော စနစ်များက ဘဏ်၌ဖြစ်ပေါ်တည်ရှိနေသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အလားအလာများအား လျော့နည်းသွားခြင်း သို့မဟုတ် တိုးပွားလာခြင်းကို စောင့်ကြပ်ကြည့်ရှုနိုင်သဖြင့် အဆိုပါ စနစ်ပုံစံများ တည်ထောင်ဆောင်ရွက်ရန်လိုအပ်သည်။ သတ်မှတ်ပြဋ္ဌာန်းရမည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ဆောင်ရွက်ခြင်း ရှိ/မရှိ အမြဲမပြတ် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များလည်း MIS တွင် ပါဝင်ရမည်။ ဥပမာအားဖြင့် သတ်မှတ်ထားသည့် ဌာနတွင်းကန့်သတ်ချက်များဖြစ်စေ၊ ဥပဒေနှင့် စည်းမျဉ်းဆိုင်ရာ လိုက်နာရန်တာဝန်များကို ချိုးဖောက်ခြင်း ရှိ/မရှိ ဖြစ်စေ MIS စနစ်ဖြင့် စောင့်ကြပ်ကြည့်ရှုနိုင်သည်။

**လျော့ပါးအောင်ပြုခြင်း**

၁၁။ အထက်ဖော်ပြပါ သတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းတာစစ်ဆေးခြင်း၊ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ချက်များကို ထိရောက်စွာနှင့် ညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို အောင်မြင်စွာ လျော့ပါး အောင် ဆောင်ရွက်နိုင်သည့် ရလဒ်ကောင်း ရရှိနိုင်မည်။

## ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်

၁၂။ ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်တွင် အောက်ပါတို့ပါဝင်ပါသည်-

(က) ကော်ပိုရိတ်အုပ်ချုပ်မှု

(၁) ဒါရိုက်တာအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ

(၂) ထိပ်ပိုင်းစီမံအုပ်ချုပ်သူများ၏ တာဝန်များ

(ခ) ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်

(ဂ) မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ

(ဃ) ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများ

(င) လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်

(စ) ဆုံးရှုံးနိုင်ခြေအန္တရာယ်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပေးပို့ခြင်း

(ဆ) သင်တန်းများပေးခြင်း

**ကော်ပိုရိတ်အုပ်ချုပ်မှု**

၁၃။ ဘဏ်များသည် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်ရှုထောင့်အားလုံးတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှု၊ ကောင်းမွန်သည့် ကိုယ်ကျင့်တရားရရှိစေမည့် အားကောင်းခိုင်မာ၍ ထိရောက်မှုရှိသည့် ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်တစ်ရပ်ကို ထူထောင်ထားရှိရမည်။ ဘဏ်များသည် ဝန်ထမ်းများအားလုံး၏ ကိုယ်ကျင့်တရားဆိုင်ရာစံနှုန်းများ တစ်ပြေးညီ တိုးတက်မြင့်မားလာစေရန် ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်တစ်ရပ် (Code of Ethic) ကို ချမှတ်ကျင့်သုံးရမည်။ အားကောင်းခိုင်မာသည့် ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်တစ်ရပ်တွင် ထိရောက်သော မူဝါဒများနှင့် အစီအစဉ်များအသုံးပြုခြင်း၊ ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများနှင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် သတင်းပေးပို့ခြင်းဆိုင်ရာ မဟာဗျူဟာများပါဝင်ရမည်။ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ (Conflicts of Interests) အား ရှောင်ကြဉ်ခြင်းနှင့် လုပ်ငန်းများကို သင့်လျော်သလို ခွဲခြားသတ်မှတ်သည့်နည်းလမ်းများသည် ထိရောက်မှုရှိသည့် ကော်ပိုရိတ်ဆိုင်ရာအုပ်ချုပ်မှုစနစ်၏ မရှိမဖြစ်လိုအပ်သော လက္ခဏာရပ်များဖြစ်သဖြင့် ဒါရိုက်တာအဖွဲ့သည် ယင်းရည်ရွယ်ချက်ကို အောင်မြင်စေရန် ဒါရိုက်တာအဖွဲ့ကော်မတီများအပါအဝင် နည်းလမ်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့်

ဘဏ်၏ ကော်ပိုရိတ်အုပ်ချုပ်မှုသဘောသဘာဝကို ကြီးကြပ်စစ်ဆေးခြင်းအတွက်နှင့် လုပ်ငန်းဆိုင်ရာပုံစံနှင့် ကော်ပိုရိတ်ဆိုင်ရာ နည်းဗျူဟာချမှတ်ရန်အတွက် အပြည့်အဝတာဝန်ရှိသည်။ ထိပ်ပိုင်းစီမံအုပ်ချုပ်သူများသည် ကော်ပိုရိတ်အုပ်ချုပ်မှု မူဘောင်၏ ထိရောက်သော လုပ်ငန်းဆောင်ရွက်ခြင်းများ သေချာမှုရှိစေရေးအတွက် နေ့စဉ် စောင့်ကြပ်ကြည့်ရှုရန်တာဝန်ရှိသည်။

**(က) ဒါရိုက်တာအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ**

ဒါရိုက်တာအဖွဲ့၏ အဖွဲ့ဝင်များသည် မိမိဘဏ်၏ စီးပွားရေးပုံစံ၊ လုပ်ငန်းလည်ပတ်မှုနှင့် ဆောင်ရွက်သည့် ယေဘုယျစီးပွားရေးအခြေအနေကို ကောင်းစွာ နားလည်သဘောပေါက် သိရှိသူများဖြစ်ရမည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့ဝင်များသည် မိမိဘဏ်၏ စီးပွားရေးလုပ်ငန်းပုံစံနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများနှင့် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာနယ်ပယ်များနှင့် မည်ကဲ့သို့ဆက်စပ်နေသည်ကို ကောင်းစွာနားလည်သည့် လိုအပ်သောအတွေ့အကြုံနှင့် အရည်အချင်းရှိသူများဖြစ်ရမည်။ ဒါရိုက်တာအဖွဲ့တွင် မိမိဘဏ်၏ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းတာဝန်များမှ ကင်းလွတ်သည့် လိုအပ်သော အခြေအနေတစ်ရပ်ဖန်တီးနိုင်စေရန် အမှုဆောင်ဒါရိုက်တာများနှင့် သာမန်ဒါရိုက်တာများ ပေါင်းစပ်ပါဝင်ရမည်။

ဒါရိုက်တာအဖွဲ့သည် မိမိဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အားလုံးကို သတ်မှတ်ထားရှိရမည်ဖြစ်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို ထိရောက်စွာလျှော့ချနိုင်ရန် မဟာဗျူဟာချမှတ်ထားရှိရမည်။ ဒါရိုက်တာအဖွဲ့သည် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကိုစီမံခန့်ခွဲရန် သင့်လျော်သည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်ကွပ်ကဲမှုများကို ထားရှိရမည်ဖြစ်ပြီး ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာမူဘောင်နှင့် ဆက်စပ်သည့်ကိစ္စရပ်များ အားလုံးအတွက် ထိရောက်သည့် သတင်းပေးပို့မှုအစီအစဉ်များ ထူထောင်ထားရှိရမည်။ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့က လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များနှင့် နည်းဥပဒေ၊ စည်းမျဉ်းများ၊ ဥပဒေများအားလုံးကို လိုက်နာဆောင်ရွက်ခြင်းနှင့် ၎င်း၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှု၊ ဘဏ်၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် အပြည့်အဝတာဝန်ရှိသည်။

**(ခ) ထိပ်ပိုင်းစီမံအုပ်ချုပ်သူများ၏ တာဝန်များ**

ဘဏ်၏ ထိပ်ပိုင်းစီမံအုပ်ချုပ်သူများသည် ဒါရိုက်တာအဖွဲ့က အတည်ပြု သတ်မှတ်ထားသည့် စီးပွားရေးပုံစံနှင့် နည်းဗျူဟာ၊ ကော်ပိုရိတ်အုပ်ချုပ်မှု ရည်ရွယ်ချက်များ

ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။ ထိပ်ပိုင်းစီမံအုပ်ချုပ်သူများသည် ဘဏ်၏ စီးပွားရေးလုပ်ငန်းပုံစံရှုထောင့်အားလုံးကို သေချာစွာသိရှိနားလည်ထားရမည်ဖြစ်ပြီး အောက်ပါတို့ကို ဆောင်ရွက်ရန် တာဝန်ရှိသည်-

(၁) ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှု မူဘောင်ကို တိုးတက်အကောင်အထည်ဖော်ရန်၊

(၂) ဘဏ်၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် လုံလောက်သော ရင်းမြစ်ထားရှိရန်၊

(၃) ကောင်းမွန်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းကို အထောက်အကူပြုရန် ထိရောက်သည့် သတင်းပေးပို့ခြင်းအစီအစဉ်များ ထားရှိရန်၊

(၄) ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ၎င်းတို့၏ သီးသန့်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ချမှတ်ပေးရန်၊

(၅) ဒါရိုက်တာအဖွဲ့သို့ သတင်းပေးပို့ခြင်း၊ ဌာနတွင်းသတင်းပေးပို့ခြင်းနှင့် ထိရောက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိစေရေးဆောင်ရွက်ရန်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်**

၁၄။ ဘဏ်များတွင် ထိရောက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ရန်ဌာန သို့မဟုတ် ယူနစ်တစ်ခု ဖွဲ့စည်းထားရှိရမည်။ ယင်းဌာန/ ယူနစ်သည် ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့ပါးအောင်ပြုလုပ်ရန်နှင့် ထိရောက်မှုရှိသည့် ထိန်းချုပ်ကွပ်ကဲမှုများနှင့် စောင့်ကြပ်ကြည့်ရှုမှုများ၊ နည်းလမ်းများ၊ သတ်မှတ်ဖော်ထုတ်ခြင်းများရှိရန် အလို့ငှာ နေ့စဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု တာဝန်ဝတ္တရားနှင့်အတူ လုပ်ငန်းဆိုင်ရာ ဌာနတစ်ခုအဖြစ် တည်ရှိရမည်။ ယင်းဌာနသည် ဤလမ်းညွှန်ချက်တွင် ဖော်ပြထားသည့် ML/TF ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှု ရည်ရွယ်ချက်များ အောင်မြင်မှုရှိစေရန် ဒါရိုက်တာအဖွဲ့နှင့် ထိပ်ပိုင်းစီမံအုပ်ချုပ်သူများကို အထောက်အကူပေးနိုင်ရမည်။ ယင်းဌာန၏ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်သည် ဘဏ်၏ စီးပွားရေးလုပ်ငန်းပုံစံနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ၏ ခက်ခဲနက်နဲမှုနှင့် သဘောသဘာဝ၊ အရွယ်အစားနှင့် အချိုးညီမျှမှုရှိစေရမည်။

**မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ**

၁၅။ ထိပ်ပိုင်းစီမံအုပ်ချုပ်သူများသည် ဘဏ်များ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုမှ ပေါ်ပေါက်လာသည့် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုရှိရန် ထိရောက်သည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ဆောင်ရွက်ရမည်။ ထိပ်ပိုင်းစီမံအုပ်ချုပ်သူများက ချမှတ်ထားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဒါရိုက်တာအဖွဲ့က အတည်ပြုရမည်။ အဆိုပါ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် ဘဏ်က ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ထိရောက်စွာ အမျိုးအစားသတ်မှတ်ဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ကွပ်ကဲခြင်းများကို နေ့စဉ်တာဝန်ယူဆောင်ရွက်ခြင်းတို့ ပါဝင်ရမည်။ သို့ဖြစ်ရာ ၎င်းတို့သည် ဘဏ်၏ ဆက်သွယ်ဆောင်ရွက်သူများ၊ ဝန်ဆောင်မှု၊ ဆောင်ရွက်မှု၊ ဝန်ဆောင်မှုပေးသည့် လမ်းကြောင်းများအရ သွယ်ဝိုက်ပေါ်ပေါက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကိုလည်း စိစစ်အကဲဖြတ်နိုင်စေရမည်။ ယင်းမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ပြည့်စုံလုံလောက်စွာ စာတမ်းအမှတ်အသားပြု ထားရှိရမည်ဖြစ်ပြီး ဝန်ထမ်းများအားလုံး သိရှိလိုက်နာဆောင်ရွက်ရမည်။ ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အနည်းအများ ပြောင်းလဲမှုရှိပါက သင့်လျော်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ယင်းတို့ကို ပုံမှန်ပြန်လည်သုံးသပ်ခြင်းပြုရမည်။

၁၆။ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တာဝန်ရှိမှုနှင့် တာဝန်ခံမှုကို ရှင်းလင်းစွာ ချမှတ်ထားရမည်။ ၎င်းအပြင် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များစီမံခန့်ခွဲမှုတွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အစိတ်အပိုင်းများ၊ လူပုဂ္ဂိုလ်များအားလုံးနှင့် ဌာနများအားလုံးအတွက် သတင်းပေးပို့မှုပုံစံများကိုလည်း ထိရောက်စွာ ချမှတ်ထားရမည်။

၁၇။ ထိရောက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှု မူဘောင်တစ်ရပ်တွင် ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုစနစ်အား ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ဖြစ်တည်မှုအတွက် ကန့်သတ်ချက်များ ထားရှိရမည်။ ဥပမာအားဖြင့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများက နယ်မြေဒေသများ၊ ဈေးကွက်များနှင့် ဝန်ဆောင်မှုပေးသည့် နည်းလမ်းများ၊ ဝန်ဆောင်မှုများနှင့် ထူးခြားသည့် ဆက်သွယ်ဆောင်ရွက်သူအမျိုးအစားများ စသည်တို့မှ ပေါ်ပေါက်လာသည့် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ဖြစ်တည်မှုကို ကန့်သတ်ထိန်းချုပ်နိုင်ရမည်။ ထိရောက်သည့် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုမူဘောင်တစ်ရပ်တွင် လိုက်နာဆောင်ရွက်ရန် ကန့်သတ်ချက်များကို ချိုးဖောက်ခြင်းနှင့် ချိုးဖောက်သည့် အကြိမ်အရေအတွက်တို့ကို သတင်းပေးပို့သည့် စနစ်ပါရှိရမည်။

**ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများ**

၁၈။ ဌာနတွင်းစဉ်ဆက်မပြတ် ထိန်းချုပ်ကွပ်ကဲမှုစနစ်တစ်ရပ်သည် ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှု မူဘောင်တစ်ခု၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ဘဏ်များသည် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များအပြင် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ရန် စဉ်ဆက်မပြတ် ထိန်းသိမ်းလိုက်နာမည့် နည်းလမ်းများကိုလိုက်နာ ဆောင်ရွက်ရမည်။

၁၉။ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများကို ရှောင်ရှားရန်နှင့် အပြန်အလှန်စောင့်ကြပ်ကြည့်ရှုသည့် (four eyes principle) မူဝါဒသဘောတရားများခိုင်မာစေရန် အစီအစဉ်များချမှတ်ထားရမည်။ ဥပမာအားဖြင့် ဆက်သွယ်ဆောင်ရွက်သူနှင့်တိုက်ရိုက်ထိတွေ့ဆောင်ရွက်နေသည့် ရှေ့ပိုင်းရုံး (Front Office) ဆောင်ရွက်ချက်များနှင့် နောက်ပိုင်းရုံး (Back Office) တွင် လုပ်ကိုင်နေသည့် ဆောင်ရွက်ချက်များ စသည့်လုပ်ငန်းဆောင်ရွက်မှုနှင့် ထိန်းချုပ်ကွပ်ကဲခြင်းတို့အား ခွဲခြားသတ်မှတ် ရမည်။

၂၀။ ဘဏ်များသည် ထိရောက်သည့် ဌာနတွင်းစာရင်းစစ်ဆေးခြင်း အစီအစဉ်များ ချမှတ် ဆောင်ရွက်ရမည်။ ဌာနတွင်းစာရင်းစစ်ဆေးခြင်းလုပ်ငန်းတာဝန်သည် စာရင်းစစ်ကော်မတီသို့ တိုက်ရိုက်သတင်းပေးပို့နိုင်သည့် သီးခြားလွတ်လပ်သော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ရမည်။ ဌာနတွင်းစာရင်းစစ်လုပ်ငန်းတာဝန်သည် ဘဏ်၏ ML/TF ဆုံးရှုံးနိုင်ခြေ အန္တရာယ်စီမံခန့်ခွဲမှု မူဘောင်၏ ထိရောက်မှု ရှိ/မရှိ ကို အချိန်မှန် စိစစ်သုံးသပ်နိုင်ရမည်ဖြစ်ပြီး လမ်းညွှန်ချက်များနှင့် နည်းဥပဒေစည်းမျဉ်းများ၊ တည်ဆဲဥပဒေများ၊ ကန့်သတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ စွဲမြဲစွာ ချမှတ်အကောင်အထည်ဖော်ရန် ဘဏ်က အထူးအလေးထား လက်တွေ့ကျင့်သုံးမှု ရှိစေရမည်။ ဘဏ်များသည် ၎င်းတို့၏ ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုမူဘောင်နှင့် လက်တွေ့ ကျင့်သုံးဆောင်ရွက်မှုများ သေချာမှုရှိစေရန် ပြင်ပစာရင်းစစ်သုံးသပ်ချက်များကိုလည်း ရယူ၍ အရေးယူဆောင်ရွက်ရမည်။

**လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (Compliance Function)**

၂၁။ ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဘောင်၏ အစိတ်အပိုင်းတစ်ခု အဖြစ် လိုက်နာဆောင်ရွက်မှုလုပ်ငန်းတာဝန်များကိုလည်း ချမှတ်ဆောင်ရွက်ရမည်။ လိုက်နာ ဆောင်ရွက်မှုလုပ်ငန်းတာဝန်သည် ဘဏ်၏ လုပ်ငန်းပုံစံနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ၏ အရွယ်အစား၊ သဘောသဘာဝနှင့် ခက်ခဲနက်နဲမှုများနှင့် အချိုးညီမျှမှုရှိရမည်။ လိုက်နာ ဆောင်ရွက်မှုလုပ်ငန်းတာဝန်သည် နေ့စဉ်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု အစိတ်အပိုင်းတစ်ရပ်

ဖြစ်၍ ဌာနတွင်း စာရင်းစစ်ဆေးခြင်းနှင့် ခွဲခြားသတ်မှတ်ထားရမည်။ လိုက်နာဆောင်ရွက်မှု လုပ်ငန်းတာဝန်သည် လမ်းညွှန်ချက်များနှင့် နည်းဥပဒေ၊ စည်းမျဉ်းများ၊ တည်ဆဲဥပဒေများမှ ပေါ်ပေါက်လာသည့် သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများ၊ ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများကို ဘဏ်က လိုက်နာဆောင်ရွက်သည့် အတိုင်းအတာအား စဉ်ဆက်မပြတ် အကဲဖြတ်ဆောင်ရွက်နိုင်ရမည်။ လိုက်နာဆောင်ရွက်မှုလုပ်ငန်းတာဝန်၏ ထိရောက်မှုသည် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များနှင့် ဆက်စပ်နေသည့် MIS က ထုတ်ပြန်သည့် မှန်ကန်ပြီး အချိန်မှန် သတင်းပေးပို့ချက်များ၏ ထိရောက်မှုအပေါ်တွင် အပြည့်အဝတည်မှီနေသည်။

**ဆုံးရှုံးနိုင်ခြေအန္တရာယ်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပေးပို့ခြင်း**

၂၂။ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ထိရောက်စွာထိန်းချုပ်ကွပ်ကဲရန်နှင့် လျော့ပါးအောင်ဆောင်ရွက်ရန် ဘဏ်များသည် ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ၏ သဘောသဘာဝနှင့် အရေအတွက်ပေါ်တွင် အချက်အလက်များ ပံ့ပိုးပေးနိုင်မည့် ယုံကြည်စိတ်ချရသည့် MIS စနစ်များ ခိုင်မာစွာ ချမှတ်ရန်လိုအပ်သည်။ အသုံးပြုနေသည့် MIS စနစ်သည် လုပ်ငန်းပုံစံနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ၏ အရွယ်အစား၊ သဘောသဘာဝနှင့် ခက်ခဲနက်နဲမှုနှင့် အချိုးညီမျှရမည်။ အဆိုပါစနစ်များသည် ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့ပါးအောင် ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှုကို သတင်းပေးပို့ရန်လိုအပ်ပြီး ယင်းဆုံးရှုံးနိုင်ခြေအန္တရာယ်များ၏ သဘောသဘာဝပြောင်းလဲမှုများ၊ ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ၏ အရေအတွက်ကို အမြဲတိုင်းတာ စစ်ဆေးရမည်။ ဥပမာအားဖြင့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ချိုးဖောက်သည့်ဖြစ်စဉ်များအား အဆိုပါ စနစ်က သတ်မှတ်ဖော်ထုတ်ခြင်းသာမက အဆိုပါကိစ္စရပ်အားလုံး၏ မှတ်တမ်းကိုလည်း ထိန်းသိမ်းထားရမည်။ အဆိုပါစနစ်တွင် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို စီမံခန့်ခွဲရန် လိုအပ်သည့် နည်းလမ်းများအပေါ် ဆုံးဖြတ်ရန် စီးပွားရေးလုပ်ငန်းဆိုင်ရာ အစိတ်အပိုင်းများနှင့် ထိပ်ပိုင်းစီမံအုပ်ချုပ်သူများအားလုံးသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရမည်။ လမ်းညွှန်ချက်များနှင့် နည်းဥပဒေ စည်းမျဉ်းများ၊ တည်ဆဲဥပဒေများမှ ပေါ်ပေါက်လာသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ကန့်သတ်ချက်များနှင့် လုပ်ငန်းတာဝန်များ ချိုးဖောက်မှုကို ဖော်ပြထားသည့် ဖြစ်စဉ်များနှင့် ဘဏ်က ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို မည်ကဲ့သို့ ကောင်းမွန်စွာ စီမံခန့်ခွဲနေကြောင်းဖော်ပြသည့် သတင်းပေးပို့ချက်များကိုပြုစု၍ ဒါရိုက်တာအဖွဲ့နှင့် ထိပ်ပိုင်းစီမံအုပ်ချုပ်သူများသို့ တင်ပြရမည်။

**သင်တန်းများပေးခြင်း**

၂၃။ ဘဏ်များသည် AML/CFT နယ်ပယ်နှင့်ဆက်စပ်နေသည့် ကိစ္စရပ်များအားလုံးကို ယင်းတို့၏ဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးရန် ထိရောက်သည့် အစီအစဉ်များ ထားရှိရမည်။ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို လျော့ပါးအောင် ဆောင်ရွက်ရန် ချမှတ်ဆောင်ရွက်ထားသည့် နည်းလမ်းများ၏ သဘောသဘာဝနှင့် ဘဏ်၏ ဖြစ်ပေါ်နေသော ML/TF ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ဝန်ထမ်းများနားလည်သဘောပေါက်ရန် အရေးကြီးသဖြင့် ဘဏ်တွင် ပါဝင်ဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံးကို အသိပညာ၊ ဗဟုသုတတိုးပွားစေရန် သင်တန်းများပေးရန်နှင့် အဆိုပါ သင်တန်းပေးခြင်းကို ဝန်ထမ်းအသစ်များအတွက်လည်းကောင်း၊ ဝန်ထမ်းအားလုံးအတွက်လည်းကောင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်။ ဝန်ထမ်းများအားလုံးအတွက် ပုံမှန်သင်တန်းများ၊ ဝန်ထမ်းများ၏ သီးခြားအဆင့်အလိုက် လေ့ကျင့်သင်တန်းပေးမှု အစီအစဉ်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များအတွက် AML/CFT အသိပညာမြှင့်တင်ရေးအစီအစဉ်များကိုလည်းကောင်း ဆောင်ရွက်ပေးရမည်။

*************************************************************